VERMONT
DEPARTMENT OF LABOR

# မေးလေ့ရှိသောမေးခွန်းများ

## ကပ်ရောဂါကြောင့် အလုပ်လက်မဲ့မှုများအတွက်အကူအညီပေးခြင်း

## အထွေထွေ PUA မေးခွန်းများ

### ကျွန်တော်အကူအညီပေးတဲ့လိုင်းကိုခေါ် ဖို့ကြိုးစားနေတာ။ ဖုန်းလိုင်းကျကျ သွားတယ်။ ဘယ်လိုဆက်လုပ်ရမလဲ?

အကယ်၍ သင် PUA လိုင်းကို ဖုန်းခေါ်ဆိုသည့်အချိန်တွင် လိုင်းမအားသေးပါဟု မက်ဆေ့ချ်ဝင်လာလျှင် ဒီFAQ စာကိုသေချာပြန်လည် ဖတ်ရှုပြီး မှ ပြန်လည် ခေါ်ဆိုပါ။

### ကျွန်တော့်ရဲ့အချက်အလက်တွေPAUမှာရှိနေပင်မယ့် သာမန် အလုပ်လက်မဲ့ ဖြစ်ကြောင်း တရားဝင်အထောက်အထားမရှိဘူးဆိုတာ ဘာကြောင့်လဲ?

အကယ်၍ သင်သည် သာမန် အလုပ် လက်မဲ့ ဖြစ်ကြောင်း တရားဝင် အထောက်အထား မရှိခြင်းဖြစ်နေသည်မှာ သင့်ရဲ့တင်သွင်းထားသည့်စာကို အလုပ်လက်မဲ့ဖြစ်သည်မှာမှန်ကန်ကြောင်းစစ်ဆေးသည့်ဌာနမှ စစ်ဆေးနေသောကြောင့်ဖြစ်သည်။ စစ်ဆေးဆုံးဖြတ်ပြီးသည့်နောက် သင့်အတွက် တရားဝင်ထောက်ခံချက် အကြောင်းကြားစာကို ရရှိမည်။ အကယ်၍

သင့်မှာ တရားဝင်ထောက်ခံချက်ရရှိပြီးပါက အပတ်စဉ် ခံစားခွင့်များကို ရယူပိုင်ခွင့် ထောက်ခံချက်များရရှိမည်။

**ဘယ်အချိန်မှာPAU ကို အလုပ်လက်မဲ့ ဖြစ်ကြောင်း စာတင်သွင်းလို့ ရမလဲ?**

သင်သည် သာမန် အလုပ်လက်မဲ့ဖြစ်ခြင်းအတွက် အကျိုးခံစားခွင့် (သို့မဟုတ်) PAUခံစားခွင့်များကို တရားဝင်ရယူရန်ဦးစွာ ပထမ အလုပ်လက်မဲ့ ဖြစ်ခြင်းအတွက် အာမခံအကျိုးခံစားခွင့်များကို လျှောက်ထားရမည်။ အကယ်၍ လျှောက်လွှာ မဖြည့်စွက် ရသေးပါက https://vermont.force.com/DOLClaim/s/. သို့ ဝင်ရောက် လျှောက်ထားပါ။ လျှောက်လွှာတင်သွင်းချက်များပေါ်မူတည်၍ PAU ခံစားခွင့်လျှောက်လွှာကိုရရှိမည်။ အကယ်၍ မရရှိသေးပါက အလုပ်သမားရေးရာ ဌာန ၏စစ်ဆေးချက်ကို စောင့်ဆိုင်းပေးရမည်။ စစ်ဆေးဆုံးဖြတ်ပြီးပါက သင့်ကိုအကြောင်းကြားမည်။

**မိမိ၏ သာမန် အလုပ်လက်မဲ့ အာမခံ အကျိုးခံစားခွင့်များ ကုန်ဆုံးနေပြီ PUA ခံစားခွင့်လျှောက်ထားသင့်သလား၊ ဘာလုပ်သင့်သလဲ?**

အကယ်၍ သင်၏ ၂၆ပတ် အလုပ်လက်မဲ့ အာမခံအကျိုးခံစားခွင့်များကို ကုန်ဆုံးနေပြီး ၁၃ပတ် အပိုဆောင်းပေးသော ကမ္ဘာအနှံ့ အလုပ်လက်မဲ့ အရေးပေါ်ကူညီထောက်ပံ့ရေး (PEUC) ကို စတင်အသုံးပြုရန် ကြိုးစားနေပါက PUA ကို လျှောက်ထားခြင်းမပြုသင့်ပါ။ လျှောက်ထား ပါကလည်း အလုပ်လက်မဲ့ အကျိုးခံစားခွင့်ရှိပြီးသား ဖြစ်သောကြောင့် မှားယွင်း

နေကြောင်းအကြောင်းကြားစာသာရရှိလာမည်။ PEUC စီမံကိန်း မပြီးဆုံးမှီ အထိ မည်သည့်အရာမှ လုပ်ဆောင်ရန်မလိုအပ်သေးပါ။

**PUA မှာ ရက်သတ္တပတ် မည်မျှ ကြာသည်အထိ ပါဝင်သလဲ?**

Governor Scott's Executive အမိန့်ထုတ်ပြန်ချက် စတင် အသက်ဝင်သည့် အချိန်မှစ၍ PUA သည်ခံစားခွင့်ရှိသူများအတွက် ၂၀၂၀ ခုနှစ်၊ မတ်လ ၁၅ရက်အထိလုပ်အားခများ ကိုအစားထိုးပေးသည်။

**အကယ်၍မိမိ၏ သာမန် အလုပ်လက်မဲ့ အာမခံ အကျိုးခံစားခွင့်များ ငြင်းပယ်ခံရပြီး၊ PUA ခံစားခွင့်လျှောက်ထား သည့်အခါတွင်လဲ မှားယွင်းကြောင်း စာများသာရရှိလာရင်ကော?**

သင်၏သာမန် အလုပ်လက်မဲ့ အာမခံ အကျိုးခံစားခွင့်များ ငြင်းပယ် ခံရသော်လဲ သင်၏ တရားဝင် PUA ခံစားခွင့်များအပေါ် သက်ရောက်မှု ရှိမည်မဟုတ်ပါ။ သင်တင်သွင်းထားသော လျှောက်လွှာကို စစ်ဆေးပြီး သင်သည် PAU ခံစားခွင့် တရားဝင်လျှောက်ထား နိုင်ပြီဆိုပါက အလုပ်သမားရေးရာဌာန မှ အကြောင်းကြားစာပေးပို့မည်။

**PUA လျှောက်လွှာဖြည့်စွက်ရာတွင် ကျွန်ုပ်ရဲ့အချက်အလက် မှတ်တမ်းများ မရှိသောကြောင့် သာမန် အလုပ်လက်မဲ့ လျှောက်လွှာကို ဖြည့်စွက်ရန် လိုအပ်နေသည်ဟု ပြောလာသည်။ အလုပ်လက်မဲ့ လျှောက်လွှာ ဖြည့်စွက်ရာ တွင်လဲ အချက်အလက်များ ရှိပြီးနှင့်ပြီ ဟုဆိုသည်။ ဘာဆက်လုပ်ရမှာလဲ?**

အကယ်၍ သင် သည် PUA လျှောက်လွှာဖြည့်စွက်ခြင်းလုပ်ငန်းစဉ် အဆင့်များအတိုင်း လုပ်ဆောင်ပြီး (ကနဦး အလုပ်လက်မဲ့ လျှောက်လွှာကို ဖြည့်စွက်ခြင်းပါဝင်သည်) သတင်းအချက်အလက်များကို အတည်ပြုရန် ကြိုးစားသည့်အခါ မှားယွင်းကြောင်း အကြောင်းကြားစာ သာရရှိလာပါက သင့်အလုပ်လက်မဲ့ အာမခံအကျိုးခံစားခွင့် လျှောက်လွှာသည် ဌာန၏ ပြန်လည် သုံးသပ်စစ်ဆေးမှု လိုအပ်သောကြောင့်ဖြစ်သည်။ စစ်ဆေးမှု မပြီးဆုံးခင်အထိ PUA လျှောက်လွှာဖြည့်စွက်ခြင်း ပြည့်စုံမည် မဟုတ်ပါ။ ပြီးဆုံးပါက ဌာန မှ အကြောင်းကြားစာ လက်ခံရရှိမည်။

**မိမိ၏ခံစားခွင့်များ ကိုစစ်ဆေးနေဆဲဖြစ်သည် ဆိုတာ ဘာကိုဆိုလိုတာလဲ?**

အကယ်၍ သင့်ခံစားခွင့်များကို စစ်နဆေးနေသည် ဆိုပါက၊ သင့် ခံစားခွင့် အကြောင်းအရာဖြစ်စဉ်ကို ဌာနမှ စုံစမ်းစစ်ဆေးမှုများ ထပ်မံပြုလုပ်ရန် လိုအပ်နေသောကြောင့်ဖြစ်သည်။ ဤလုပ်ငန်းစဉ်များသည် သင်၏ကနဦး အလုပ်လက်မဲ့လျှောက်လွှာ မှ သင့်တုန့်ပြန်မှုများပေါ်မူတည်၍ စတင်ခြင်း ဖြစ်သည်။ သင့်အကျိုးခံစားခွင့်ကို ခံစားခွင့်လက်ခံရရှိမှု လုပ်ငန်းစဉ် အလိုက် ဆက်လက်ဆောင်ရွက်သွားမည်။

**လုပ်ငန်းခွင်သို့ပြန်လည် ဝင်ရောက် တာဝန်ထမ်းဆောင် သည့်အခါ အလုပ်သမား ရေးရာဌာနကို သတင်းပို့ရမလား?**

လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်သည့်အခါတွင် သတင်းပို့ရန်မလိုသေးပါ။ သင့်အပတ်စဉ် ခံစားခွင့်များကို ဆက်လက်ရယူခြင်း မပြုရန်သာ လိုအပ်သည်။ လုပ်ငန်းခွင်တွင် တစ်ပတ်

တိတိ လုပ်ကိုင်နေပြီး ခံစားခွင့် ရယူနေပါက လိမ်လည်မှုမြောက်ပြီး ခံစားခွင့်များ ငြင်းပယ်ခြင်း ခံရမည်။ အလုပ်လက်မဲ့ အာမခံ အကျိုးခံစားခွင့် အတွက် တင်ပြထားသည့် အပတ် အတွင်း လုပ်ငန်းတာဝန်ထမ်းဆောင်နေရပါက အလုပ်ချိန်နှင့် လုပ်အားခ များကို သတင်းပို့ရမည်။

# PUA တွင် အကျုံးမှု

**PUA တွင် အကျုံးဝင်မဝင် မည်သို့သိနိုင်မည်နည်း?**

အကယ်၍သင်သည် သာမန် အလုပ်လက်မဲ့ အကျိုးခံစားခွင့် (သို့မဟုတ်) FPEUC (ထပ်တိုးပေးထားသော အကျိုးခံစားခွင့်စီမံချက်) တွင် အကျုံးမဝင်ပါက PUA အကျိုးခံစားခွင့်များ တွင် အကျုံးဝင်သည်။

**မည်သည့်အခြေအနေတွေက ကျွန်ုပ်ကိုPUA စံနှုန်းတွေနဲ့ မကိုက်ညီစေသလဲ?**

အကယ်၍ သင်သည် နေအိမ်မှအလုပ် လုပ်ကိုင်နိုင်ခြင်း (သို့မဟုတ်) လစာပြည့်နာမကျန်းခွင့် ခံစားနေခြင်း (သို့မဟုတ်) မည်သည့် လစာပြည့် ခွင့်ရယူခံစားရပါက PUA စံနှုန်းများနှင့် ကိုက်ညီမှုမရှိပါ။

PUA ခံစားခွင့် စံနှုန်းများနှင့် ကိုက်ညီရန် ဝင်ငွေမည်မျှ ရှိရမည်နည်း?

လုပ်ငန်းကာလ အပိုင်းအခြားများအတွင်း ဝင်ငွေအမြင့်ဆုံးရသည့် ကာလ တွင်သင်သည် အနည်းဆုံး $2,871 ဝင်ငွေရှိရမည်။ ကျန်သည့် လုပ်ငန်းကာလ ၃လပတ်တွင် ဝင်ငွေအမြင့်ဆုံးရသည့်ကာလ၏ အနည်းဆုံး ၄၀% ဝင်ငွေရှိရမည်။ သို့မှမဟုတ်လျှင် သင်သည် ခံစားခွင့် အနည်းငယ်သာ ရရှိရန်ကိုက်ညီမည်။

*ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်မှုများအတွက်*

**အကယ်၍ မိမိကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေပါက မည်သို့သိရှိနိုင်မည်နည်း?**

ဖက်ဒရယ်လမ်းညွှန်ကြားချက်များအရ PUA တွင် "ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နေသော ပုဂ္ဂိုလ် များ၏ ဝင်ငွေ လမ်းကြောင်းသည် ၎င်းတို့ကိုယ်ပိုင် စီးပွားရေး၏ ဝန်ဆောင်မှုပေးသော အရည်အသွေးပေါ်တွင် အဓိက မှီခိုနေသည်" ဟု ဖွင့်ဆိုထားသည်။ ဤဖွင့်ဆိုချက်တွင် အလွတ်တန်း ကန်ထရိုက်တာများနှင့် အခြား အလွတ်တန်းလုပ်ကိုင်သူများလဲ ပါဝင်သည်။

**မိမိသည် ၂၀၁၉ ခုနှစ်တွင် ဝန်ထမ်း အနေဖြင့် အလုပ်ရှင် တစ်ယောက်ထံတွင် လုပ်ကိုင်ခဲ့သော်လည်း ယခုချိန်တွင် ကိုယ်ပိုင် လုပ်ငန်းရှင် တစ်ယောက်ဖြစ်နေပါသည်။ မည်သည့်နေရာတွင် တင်သွင်း ရမည်နည်း။**

အကယ်၍ သင်၏ဝင်ငွေသည် သင့်အလုပ်ရှင်(များ)မှအခွန်အခများနှုတ်ပြီး ၂၀၁၉ခုနှစ်တစ်နှစ်ပတ်လုံး တွင် $4,025ထပ်ပိုခဲ့ပါက သာမန် အလုပ်လက်မဲ့မှု အတွက် အကျိုးခံစားခွင့် ရှိသည်။ ဦးစွာ သင်၏ ကနဦး အလုပ်လက်မဲ့ဖြစ်မှု လျှောက်လွှာဖြည့်စွက် တင်ပြရမည်ပြီး သင်သည် သာမာန် အလုပ်လက်မဲ့မှု အာမခံ (သို့မဟုတ်) PUA တွင် အကျုံးဝင် မဝင် ဆုံးဖြတ်ခြင်းခံရမည်။

**အကယ်၍ ကျွန်တော်သည် Vermont တွင်နေထိုင်ပြီး အခြားပြည်နယ်တွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ပါက၊ PUA အကျိုးခံစားခွင့်များအတွက် မည်သည့် နေရာတွင် စာရင်းပေးရမည်နည်း?**

CARES အက်ဥပဒေ အပိုဒ် 2102(a)(3)(A)(ii)(I) တွင်ပြဌာန်းထားသော ကိုဗစ်-၁၉ နှင့်ဆက်စပ်နေသော အကြောင်းအရာများကြောင့်

တစ်စိတ်တစ်ပိုင်း အလုပ်လက်မဲ့ခြင်း (သို့မဟုတ်) အလုပ်မလုပ်ကိုင်နိုင်ခြင်း၊ အလုပ်လက်မဲ့ ဖြစ်ခြင်းစသည့်အချိန်များတွင် သင်အလုပ်လုပ်ကိုင်နေသော ပြည်နယ်တွင်စာရင်းပေးရမည်။ဤကာလ အတွင်း သင်သည် ပြည်နယ် တစ်ခုထပ်ပိုပြီးအလုပ်လုပ်ကိုင်နေရပါက သင်လုပ်ကိုင်နေသည့် မည်သည့် ပြည်နယ်တွင် မဆို စာရင်းပေးသွင်းနိုင်သည်

**ကျွန်ုပ်၏ ဝင်ငွေအများစုသည် ကျွန်ုပ်၏ အချိန်ပြည့် ဝန်ထမ်းအလုပ်မှ ရရှိသော်လည်း ကျွန်ုပ်တွင် ကိုယ်ပိုင်လုပ်ငန်းရှိနေသည်။ PUA အကျိုး ခံစားခွင့်များအတွက် ကိုယ်ပိုင်လုပ်ငန်းရှင်အဖြစ် ထည့်သွင်းစဉ်းစားသင့် ပါသလား?**

ဟင့်အင်း။ ဖက်ဒရယ်လမ်းညွှန်ကြားချက်များအရ PUA တွင် "ကိုယ်ပိုင် လုပ်ငန်း လုပ်ကိုင်နေသော ပုဂ္ဂိုလ် များ၏ ဝင်ငွေ လမ်းကြောင်းသည် ၎င်းတို့ကိုယ်ပိုင် စီးပွားရေး၏ ဝန်ဆောင်မှုပေးသော အရည်အသွေးပေါ်တွင် အဓိက မှီခိုနေသည်" ဟု ဖွင့်ဆိုထားသည့်အတွက် ထည့်သွင်း စဉ်းစားရန် မလိုပါ။

*အကျုံးဝင်သည့်ဖြစ်စဉ်များ*

**အလုပ် မလုပ်ကိုင်ဖူးခြင်း (သို့မဟုတ်) အလုပ်မလုပ်တော့သည်မှာ အချိန် အတော်ကြာပြီ ဆိုလျှင် PUA တွင် အကျုံးဝင်ပါသလား?**

PUA တွင်အကျုံးဝင်သည်၊ အကယ်၍သင်သည်–

- သင်သည် လုပ်ငန်းခွင်ဝင်ရောက်ရန် အချိန်သတ်မှတ်ပြီးမှ ကိုဗစ်-၁၉ကြောင့် လက်တလောတွင် အလုပ်မရှိခြင်း(သို့မဟုတ်) အလုပ်မလုပ်ကိုင်နိုင်ခြင်း။
- ကိုဗစ်-၁၉ကြောင့် သင့်ကို ကမ်းလှမ်းထားသော အလုပ် မှ ပယ်ဖျက်ခြင်း
- သင့်မိသားစု၏ အဓိက မှီခိုရာ အထောက်အပံ့ပေးသူသည် ကိုဗစ်-၁၉ကြောင့် သေဆုံးသွားသည့်အတွက် သင်သည် မိသားစု၏ အဓိက မှီခိုရာ အထောက်အပံ့ပေးသူဖြစ်လာခဲ့ခြင်း။

**မိမိသည် နို့ထွက်ပစ္စည်း ထုတ်လုပ်မှု လုပ်သားဖြစ်သည်။ PUA တွင် အကျုံးဝင်ပါသလား?**

ခြံလုပ်သား ၊ လယ်ယာလုပ်သားများသည် PUA တွင်အကျုံးဝင်ပါသည်။ ကနဦး အလုပ်လက်မဲ့လျှောက်လွှာကိုဖြည့်သွင်းပေးရမည်။

**အကယ်၍ အလုပ်မှ ကျွန်ုပ်ကို နေအိမ်မှ အလုပ်လုပ်ကိုင်စေပြီး လုပ်အားခပေးပါ PUA တွင်အကျုံးဝင်ပါသလား?**

အကယ်၍ သင့်အလုပ်ရှင်မှ သင့်ကို နေအိမ်မှအလုပ်လုပ်စေပြီး လုပ်အားခပေးပါက PUA တွင်အကျုံးမဝင်ပါ။

**အလုပ်မလုပ်သော်လည်း လစာပြည့် နာမကျန်းခွင့်နှင့် အခြားသော လစာပြည့်ခွင့်များခံစားနေရပါက PUA တွင် အကျုံးဝင်ပါသလား။**

အကယ်၍သင် သည် နာမကျန်းခွင့်အတွက် လုပ်အားခ အချို့တဝက်သာ ရရှိပါက အပတ်စဉ်ခံစားခွင့် လျော့ချခြင်းဖြင့်အကျုံးဝင်နိုင်သည်။

အကယ်၍ သင့်လုပ်အားခသည် အပတ်စဉ်ခံစားခွင့်ထက် ပိုနေပါက အကျုံးမဝင်ပါ။

**အလုပ်လုပ်ကိုင်နေသော်လည်း အလုပ်ချိန် လျော့ချခြင်းခံရပါက PUA အကျိုး ခံစားခွင့်များ ရရှိနိုင်ပါသလား?**

ကိုဗစ်-၁၉ ကြောင့် သင့်အလုပ်ချိန်လျော့နည်းသွားပြီး ဝင်ငွေကျဆင်းသွားပါက အလုပ်လက်မဲ့ အာမခံအကျိုးခံစားခွင့်များ ကို လျှောက်ထားသင့်သည်။ အကျုံးဝင် မဝင် ကို သာမန် အလုပ်လက်မဲ့ ဖြစ်ခြင်း (သို့မဟုတ်) PUA မှ ဆုံးဖြတ်ပေးလိမ့်မည်။

**အချိန်ပြည့်ဝန်ထမ်းဖြစ်သော်လည်း အလုပ်မှရပ်ဆိုင်းခံလိုက်ရသည်။ ကိုယ်ပိုင် လုပ်ငန်းမှာလဲ ကိုဗစ်-၁၉ကြောင့်ပိတ်ထားလိုက်ရသည်။ PUA တွင် အကျုံးဝင်ပါသလား?**

အကယ်၍သင်သည် အချိန်ပြည့်အလုပ်မှ ရပ်ဆိုင်းခံလိုက်ရပါက သာမန် အလုပ်လက်မဲ့ဖြစ်ခြင်းအတွက် အကျုံးဝင်ပါသည်။ အကယ်၍ သင်သည် သာမာန်အလုပ်လက်မဲ့ဖြစ်ခြင်းအတွက် အကျိုးခံစားခွင့်များ ရယူပြီးနေပြီ ဆိုပါက PUA တွင် အကျုံးမဝင်တော့ပါ။

**အကယ်၍ ကျွန်ုပ်သည် လစာမဲ့ ဆေးခွင့်ယူထားသည်ကို အလုပ်ရှင်မှ ထောက်ခံပေးပြီး အလုပ်မလုပ်ကိုင်နိုင်သောကြောင့် အလုပ်လက်မဲ့ ဖြစ်ခြင်းတွင်လဲ အကျုံးမဝင် ဖြစ်နေသည်၊ PUA တွင် အကျုံးဝင်ပါသလား?**

လစာမဲ့ဆေးခွင့်သည် CARES အက်ဥပဒေ အပိုဒ်2102(a)(3)(A)(ii)(I) တွင် ပြဌာန်းထားသည့်အချက် တစ်ခုကြောင့်ဖြစ်ပါက PUA အကျိုးခံစားခွင့်တွင် အကျုံးဝင်သည်။ အကယ်၍ ထိုပြဌာန်းချက်များနှင့် သက်ဆိုင်မှု မရှိပဲ အလုပ်မလုပ်ကိုင်နိုင်ခြင်းဖြစ်ပါက သင်သည် PUA ခံစားခွင့်တွင် အကျုံး မဝင်ပါ။

*အကျုံးမဝင်သော အရာများ*

**မိမိအနေဖြင့် အလုပ်ထွက်ခြင်းနှင့်ဆိုင်သော နစ်နာကြေးများကို တောင်းဆိုထားပါသည်။ ထိုတောင်းဆိုချက်သည် ဆုံးဖြတ်ဆဲ အခြေအနေတွင် ရှိနေပြီး အကြောင်းလည်း မပြန်လာသေးပါ။ PUA နှင့် ပတ်သက်ပြီး မိမိအနေဖြင့် တင်သွင်းသင့်ပါသလား။**

မရပါ။ သင့်အနေဖြင့် အလုပ်ထွက်ခြင်းနှင့်ဆိုင်သောတောင်းဆိုထားမှုကို စစ်ဆေးနေဆဲကာလတွင် PUAနှင့် ပတ်သက်ပြီး တင်သွင်းခွင့်မရှိပါ။ သင်၏ အလုပ်ထွက်ခြင်းနှင့်ဆိုင်သော အကျိုးခံစားခွင့်များ လျှောက်ထားမှုကို ငြင်းပယ်ခြင်းခံရမှသာလျှင် PUA အတွက် တင်သွင်းမှုကို ပြုလုပ်နိုင်ပါသည်။

**မိမိအနေဖြင့် အလုပ်ထွက်ခြင်းနှင့်ဆိုင်သော အကျိုးခံစားခွင့်များကို ခံစားလိုသောကြောင့် အလုပ်ရှင်မှ ပြန်လည်ခေါ်ယူမှုကို ငြင်းပယ်ခဲ့လျှင် PUA နှင့် ပတ်သက်ပြီး တင်သွင်းခွင့်နှင့် အကျုံးဝင်ပါသလား။**

မဝင်ပါ။ သင့်အနေဖြင့် လက်ရှိအလုပ်ရှိနေလျက်နှင့် အလုပ်ထွက်ခြင်းနှင့် ဆိုင်သော အကျိုးခံစားခွင့်ရရှိလိုသောကြောင့် PUA နှင့် မသက်ဆိုင်ပါ။

ထို့ထက်ပိုမို သိလိုပါက https://labor.vermont.gov/unemployment-insurance/refusal-return-work-covid-19 ကို သွားရောက်ပါ။

**မိမိအနေဖြင့် အလုပ်ထွက်ခြင်း အကျိုးခံစားခွင့် ရသော်လည်း အကြောင်းကြောင်းကြောင့် မထုတ်ယူရသေးပါ။ PUAနှင့် ပတ်သက်ပြီး မိမိည် အကျုံးဝင်သေးပါသေးပါသလား။**

မဝင်ပါ။ သင့်အနေဖြင့် အလုပ်ထွက်ခြင်း အကျိုးခံစားခွင့်များကို ရယူသည့်အပြင် ဌာနမှ ငွေကြေးများကို ပိုမိုကုန်ကျစေသည့်အတွက် PUAနှင့် အလုပ်ထွက်ခြင်းအကျိုးခံစားခွင့်များကို ခံစားခွင့် မရနိုင်ပါ။

**မိမိသည် အကျိုးခံစားခွင့် ဒေါ်လာ (၆၀၀) ကို မရရှိသော်လည်း ဌာနမှ မိမိကို ရပိုင်ခွင့်ထက် ပိုမိုယူနေသည်ဟု ဆိုနေသည်။**

သင့်ကို ရပိုင်ခွင့်ထက်ပိုမိုယူနေသည်ဟု ဆိုနေပါက သင့်အနေဖြင့် အကျိုးခံစားခွင့် ဒေါ်လာ (၆၀၀) ကို ရယူနိုင်ရန် ဌာနအနေဖြင့် စစ်ဆေးလုပ်ဆောင်သင့်ပါသည်။ ဌာနအနေဖြင့်လည်း ထိုကိစ္စများကို အမြဲမပြတ်ဆောင်ရွက်နေပါသည်။ သင့်အနေဖြင့် ရယူသင့်သော အပတ်စဉ်ခံစားခွင့်များကို တင်ပြပြီးနောက် သင့်အား ခံစားခွင့်များ ပေးအပ်မှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ သိထားရန်တစ်ခုမှာ သင့် အပတ်စဉ်ခံစားမှုများသည် ရပိုင်ခွင့်ထက်ပိုသော ခံစားမှုများစာရင်းတွင် ထည့်သွင်းထားမည်။

## PUA လျှော့က်ထားမှုဆိုင်ရာ မေးခွန်းများ

**မိမိအနေဖြင့် အလုပ်ထွက်ခြင်းဆိုင်ရာ အာမခံအကျိုးခံစားခွင့် ကနဦးလျှောက်ထားမှု ပြီးမြောက်သော်လည်း မည်သည့် ငွေကြေးမှ မရရှိခဲ့လျှင် PUA တင်သွင်းမှုကို ပြန်ပြုလုပ်နိုင်ပါသလား။**

သင့်အနေဖြင့် အလုပ်ထွက်ခြင်းအကျိုးခံစားခွင့်နှင့် အကျုံးမဝင်ပါက PUAကို တင်သွင်းနိုင်ပါသည်။ သင်တင်သွင်းမှုကို စစ်ဆေးပြီးပါက ဌာနမှ သင့်PUA လျှော့က်ထားမှု အောင်မြင်ကြောင်းကို အသိပေးလာပါမည်။

**PUA တင်သွင်းမှုကိုလျှောက်နေစဉ်အတွင်း ရပ်ဆိုင်းထားပြီးနောက် ပြန်လည် လျှောက်ထားနိုင်ပါသလား။**

လျှောက်ထားနိုင်ပါသည်။ သင့်အနေဖြင့် လျှောက်လွှာတွင် ပါသော မေးခွန်းများကို မဖြေတတ်လျှင် (သို့) အချက်အလက်များကို လိုအပ်လာလျှင် နောက်မှ လျှောက်လွှာဖြည့်နိုင်သည်။

**မိမိအနေဖြင့် လျှောက်လွှာ (သို့) အပတ်စဉ်ခံစားခွင့်များကို ဖြည့်ရာတွင် မတော်တဆ အမှားဖြည့်မိပါက မည်သို့ပြန်ပြင်ရမည်နည်း။**

သင့်အနေဖြင့် လျှောက်လွှာ (သို့) အပတ်စဉ်ခံစားခွင့်များကို ဖြည့်ရာတွင် ဖုန်းနံပါတ်များ၊ မေးလ်လိပ်စာများ၊ ငွေချေမှုစနစ်နှင့် အခွန် တောင်းခံမှု များကို ပြောင်းလဲနိုင်ပါသည်။ သင့်အနေဖြင့် ထိုအကြောင်းအရာများကို စစ်ဆေးနေသောအချိန်တွင်မှု ပြောင်းလဲနိုင်မည် မဟုတ်ပါ။

**လျှောက်လွှာတင်သွင်းသည့်အချိန်တွင် မိမိ၏ ဘဏ်အကောင့်မှာ မပြည့်စုံဟု ဆိုနေပါသည်။ ဘာလုပ်သင့်သနည်း။**

သင့် ဘဏ်အကောင့်အနေဖြင့် သုညနှင့် စ (သို့) ဆုံးလျှင် မိမိတို့ Systemမှ လက်ခံမည်မဟုတ်ပေ။ မိမိတို့ အနေဖြင့် ထိုသို့ ချို့ယွင်းချက်ကို ပြင်ဆင်နေချိန်ကြောင်းကို သင့်အား မေးလ်မှ တဆင့် အကြောင်းကြား နိုင်ပါသည်။ ထိုပြင်ဆင်မှုပြီးသွားလျှင် သင့်အနေဖြင့် ငွေပေးချေမှုဆိုင်ရာ အချက်အလက်များကို ပြင်ဆင်နိုင်ပြီဖြစ်သည်။

**PUA လျှောက်လွှာတင်သွင်းမှုကိုပြုလုပ်ရန် log in ဝင်သည့်အချိန်တွင် Passwordကို အသစ်ထားရှိရန်လိုအပ်ပါသည်။ သို့သော် ထိုသို့ အသစ်ထားရှိရန် မည်သည့် အီးမေးလ်ပို့ထားခြင်းမရှိပါ။**

သင့်အနေဖြင့် ထိုသို့ မှားယွင်းမှုများကြုံရပါက Passwordပြင်ဆင်ရန် ပြုလုပ်ပပါ။ ထိုပြသနာကို မိမိတို့အနေဖြင့် 4/24/20 မှ ပြင်ဆင်ထားခဲ့ပြီဖြစ်သည်။ သင့်အနေဖြင့် အလုပ်ထွက်ခြင်းဆိုင်ရာ ခံစားခွင့်မှ အပတ်စဉ်ငွေထုတ်မှုအတွက် log in ပြုလုပ်မည်ဆိုပါက အောင်မြင်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ အခြား portal ဖြစ်သောကြောင့် ဖြစ်သည်။

**မိမိအနေဖြင့် PUAခံစားခွင့်ကိုရယူရန် မမှန်ကန်သော အချက်အလက်များကို အသုံးပြုခဲ့လျှင် ဘာဖြစ်မည်နည်း။**

ထိုသို့ မမှန်ကန်သော အချက်အလက်များကို အသုံးပြုခြင်းသည် လိမ်လည်မှု မြောက်ပါသည်။ သင့်အနေဖြင့် လိမ်လည်နေသည်ဟု သိရှိပါက တရားဥပဒေအရ အရေးယူနိုင်ပါသည်။

**မိမိအနေဖြင့် PUA လျှောက်ထားမှုအတွက် လမ်းညွှန်မှုများကို လိုက်နာခဲ့ပါသည်။ မိမိကို "ကမ္ဘာအနှံ့အလုပ်လက်မဲ့ဖြစ်ပွားမှုအတွက် အကျိုးခံစားခွင့်များကို သင့်အနေဖြင့် ရရှိခံစားနိုင်မည်မဟုတ်ပါ။ သင့်အနေဖြင့် မေးခွန်းများရှိပါက Vermont အလုပ်သမားရေးရာဌာန (877) 660-7782 ကို ဆက်သွယ်ပါ" ဟု ပေးပို့လာပါသည်။ ဘာလုပ်ရမည်နည်း။**

သင့်အနေဖြင့် ထိုသို့ မေးလ်ရရှိပါက သင့်အနေဖြင့် ဖြေကြားခဲ့သော မေးခွန်းများနှင့်သက်ဆိုင်သောကြောင့် PUAအကျိုးခံစားခွင့်နှင့် မသက်ဆိုင် ကြောင်း သတ်မှတ်ခံရခြင်းဖြစ်သည်။

**မိမိအနေဖြင့် PUA လျှောက်ထားမှု တင်သွင်းရာတွင် ဘဏ်နံပါတ် အမှားပို့ခဲ့မိပါသည်။ ဘာလုပ်ရမည်နည်း။**

သင့်အနေဖြင့် ဘဏ်နံပါတ်အမှားကို ပို့ခဲ့မိပါက သင့် အပတ်စဉ် ခံစားခွင့် လျှောက်ထားရာတွင် ထိုအမှားကို ပြန်လည်ပြင်ဆင်နိုင်ပါသည်။

**မိမိကို အကျိုးခံစားခွင့် အကျုံးမဝင်ဟု သတ်မှတ်ပြီး ထို့အတွက် အယူခံတင်လိုလျှင် ဘာလုပ်သင့်သနည်း။**

သင့်၏ PUA အကျိုးခံစားခွင့်ကို အကျုံးမဝင်ဟု သတ်မှတ်ချက်ကို သင့်အနေဖြင့် မမှန်ကန်ဟု ခံစားမိပါက အယူခံဌာန 802-828-4289 သို့ ခေါ်ဆိုခြင်း (သို့) အလုပ်သမားဌာန P.O. Box 488, Montpelier, VT 05601-0488သို့ အယူခံစာတင်ခြင်းများကို ပြုလုပ်နိုင်ပါသည်။ သင့်အယူခံလွှာတွင် အမည်၊ ကုမ္ပဏီအမည်နှင့် သင့်အယူခံလွှာအမည်နှင့် တင်သွင်းသည့် နေ့စွဲများကို ထည့်သွင်းပေးရပါမည်။သင့်အယူခံလွှာကို စစ်ဆေးနေသည်နှင့် သင့်ကို အသိပေးစာပေးပို့လာမည်။

**PUA အခွန်ဆိုင်ရာ စာရွက်စာတမ်းတင်သွင်းခြင်းနှင့် လုပ်ခလစာနှင့် သက်ဆိုင်သော မေးခွန်းများ**

**မိမိသည် အခွန်ဆိုင်ရာ လျှောက်လွှာများကို ၂၁ ရက်အတွင်း တင်ရမည်။ ထို ၂၁ ရက်သည် မည်သည့်အချိန်တွင် စတင်မည်နည်း။**

ထို ၂၁ ရက် ကာလသည် သင် PUA လျှောက်လွှာပြီးဆုံးသည့်အချိန်မှ စမည်။ သင့်အလုပ်ထွက်ခြင်းနှင့်ဆိုင်သော တင်သွင်းမှုနှင့် မဆိုင်ပေ။

**PUA လျှောက်လွှာတွင် လစာများကို တင်ပြလျှင် အခွန်ကောက်ပြီး လစာကို တင်ပြရပါသလား(သို့) လစာအပြည့်ကို တင်ပြရပါသလား။**

ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ထို အခွန်ကောက်ပြီး လစာကို တင်ပြရမည်ဖြစ်ပြီး ကိုယ်ပိုင်လုပ်ငန်းမဟုတ်သူများအနေဖြင့် လစာအပြည့်ကို တင်ပြရပါမည်။

**မိမိအနေဖြင့် လစာ(သို့) နာရီပိုင်း စနစ်မဟုတ်ပဲ ကော်မရှင်ကြေး (သို့) Sale ရောင်းရငွေမှ လုပ်အားခရခဲ့လျှင် ဘာလုပ်ရမည်နည်း။**

သင့်အနေဖြင့် ကုန်ပစ္စည်း ရောင်းရငွေမှ ကော်မရှင်ကြေးကို လုပ်အားခအဖြစ် ရခဲ့လျှင် သင့်အနေဖြင့် လခ သို့မဟုတ် နာရီပိုင်းစနစ်နှင့် သင့်လခကို ရေတွက်ပြီး စာရင်းထဲ ထည့်နိုင်သည်။

**မည်သည့် အခွန်ဆိုင်ရာ လျှောက်လွှာများကို လက်ခံသနည်း။**

သင့်အနေဖြင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ ဖြစ်ခဲ့လျှင် ဇယားစဉ် C၊ ဇယားစဉ် E နှင့် ဇယားစဉ် Fတို့ကို အခွန်ဆောင်ထားသော လုပ်ငန်းအား တစ်ဦးတည်း ပိုင်ဆိုင်သူဖြစ်ခဲ့လျှင် ဇယားစဉ် C၊ ဇယားစဉ် E နှင့် ဇယားစဉ် Fတို့ကို တင်သွင်းရမည်။

- 1040: သင့်အနေဖြင့် 1040ဆိုင်ရာ အခွန်ပြန်ငွေကြေးလျှောက်လွှာကို အသုံးပြုနေခဲ့လျှင် ထိုအထဲမှ လုပ်အား line (၁)ကို တင်ပြရမည် (ထိုအထဲတွင် ပင်စင်ခ သို့မဟုတ် လူမှုလုံခြုံရေးဆိုင်ရာ ဝင်ငွေ ပါဝင်သည်။)
- W2: သင့်အနေဖြင့် W2 ဆိုင်ရာ အခွန်ခလျှောက်လွှာကို အသုံးပြုခဲ့လျှင် သင့်လုပ်ခံများကို Box (၁)တွင် W2 တင်ပြထားသော လုပ်ခကို တင်ပြရမည်။
- မိမိအနေဖြင့် ၂၀၁၉ အတွက် အခွန်ခများကို မတင်သွင်းသေးပါက ဘာလုပ်ရမည်နည်း။

သင့်အနေဖြင့် ၂၀၁၉ အတွက် အခွန်ခများကို မတင်သွင်းသေးပါက သင့်တွင် အချိန် ၂၁ ရက် ရပါမည်။ သို့သော် သင့်အနေဖြင့် အထောက်အကူဖြစ်စေသော ဖိုင်များကို မတင်ပြခဲ့ပါက အကျိုးခံစားမှု အနည်းငယ်သာ ရရှိမည်။

**၂၀၁၉ အခွန်လျှောက်လွှာများ နောက်ဆုံးတင်သွင်းရမည့်ရက်သည် ဇူလိုင်လ ၁၅ ရက်နေ့ ဖြစ်သော်လည်း အဘယ်ကြောင့် ယခုတင်နေရသနည်း။**

၂၀၁၉ အခွန်လျှောက်လွှာများကို လိုအပ်ရခြင်းသည် သင့်အကျိုးခံစားခွင့်များကို လွှန်ခဲ့သည့် လေးလတကြိမ် လုပ်အားခများကို မူတည် နေသောကြောင့် ဖြစ်သည်။ ၂၀၁၉ လုပ်ခများကို တင်ပြခြင်းဖြင့် အတိကျဆုံးသော အပတ်စဉ် အကျိုးခံစားခွင့်များကို ဆုံးဖြတ်ပေးနိုင်မည်။ သင့်အနေဖြင့် အကျိုး ခံစားခွင့်များနှင့် အကျုံးဝင်လိုသော်လည်း ၂၁ ရက်အတွင်း လျှောက်လွှာ များကို တင်နိုင်ခြင်းမရှိပါက ထို လျှောက်လွှာများ မတင်မချင်း အနည်းဆုံး အကျိုးခံစားခွင့်သာ ရရှိမည်။ သင့်အနေဖြင့် PUAလျှောက်လွှာမှု များအတွက် ၂၁ ရက် အချိန်ရမည်။

## PUA မှ ငွေပေးချေခြင်းဆိုင်ရာ မေးခွန်းများ

**မိမိ ပထမဆုံးလုပ်အားခမပေးမီ စောင့်ဆိုင်းရမည်လား။**

မစောင့်ရပါ။ သို့သော် သင့်အပတ်စဉ် ရယူမှုနှင့်ပတ်သက်ပြီး စစ်ဆေးမှုများကို ပြုလုပ်နိုင်ပါသည်။

## မိမိသည် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ ဖြစ်သည့်အပြင် အခြားသူအတွက် အချိန်ပိုင်း အလုပ်ကို လုပ်ကိုင်လျက်ရှိပါသည်။ မိမိ၏ အပတ်စဉ် အကျိုးခံစားခွင့်သည် မည်မျှရှိမည်နည်း။

သင်သည် ကိုယ်ပိုင်လုပ်ငန်းဆိုင်ရာ PUAခံစားခွင့် အတွက် လျှောက်ထားပါက လုပ်အားခကို သင့်အပတ်စဉ်လုပ်အားခမှ တွက်ချက်မည်။ သင့်အနေဖြင့် အချိန်ပိုင်းအလုပ်ကို ဆက်လက်လုပ်ကိုင်သွားမည်ဆိုပါက အပတ်စဉ် ရယူမှုများကို တင်ပြချိန်တွင် အလုပ်ချိန်နှင့် လုပ်အားခများကို ဖော်ပြရမည်။

## မိမိအနေဖြင့် အခြား UI ရယူသူများ ခံစားခွင့်ရသည့် အပတ်စဉ် ဒေါ်လာ ၆၀၀ အကျိုးခံစားခွင့်ကို ရမည်လား။

ရပါမည်။ သင့်အနေဖြင့် PUAနှင့်အကျုံးဝင်ပါက အပတ်စဉ် ဒေါ်လာ ၆၀၀ အကျိုးခံစားခွင့်ကို ရပါမည်။ သင့်အနေဖြင့် မည်သည့်အရာမှ ထပ်လုပ်စရာမလိုပဲ အလိုအလျောက် ရမည်။

## အပတ်စဉ်ရသော ဒေါ်လာ ၆၀၀ သည် ခွဲပေးမည်လား၊ တစ်စုတည်း ပေးမည်လား။

ဒေါ်လာ ၆၀၀ အကျိုးအမြတ်သည် သင့်အပတ်စဉ်အကျိုးခံစားခွင့်ကဲ့သို့ ထပ်ဆောင်း ပေးချေခြင်းဖြစ်သည်။ ထိုအကျိုးခံစားခွင့်သည် ပြည်နယ်

ဆိုင်ရာနှင့် အစိုးရအတွက် အခွန်ပင်ဖြစ်သည်။ သင့်အနေဖြင့် အခွန် တိမ်းရှောင်ပါက သင့်လုပ်အားခမှ ထုတ်နုတ်သွားမည်။ သင့်အနေဖြင့် အခွန်မရှောင်ခဲ့ပါက သင် ဆောင်ခဲ့သော အခွန်များကို ၂၀၂၀ ဝင်ငွေအမြတ်ခွန် တင်ပြရာတွင် တင်ပြရမည်။

**မိမိသည် အဘယ်ကြောင့် ဒေါ်လာ ၆၀၀ အကျိုးခံစားခွင့်ကို အပြည့်အဝ မခံစားရသနည်း။**

သင့်အနေဖြင့် ကနဦးလျှောက်လွှာကို တင်ပြီးနောက် သင့်အပတ်စဉ် အကျိုးခံစားခွင့်မှ အခွန်များကို မဆောင်ခဲ့ပါက အခွန်ခများကို သင့် ဒေါ်လာ ၆၀၀ အကျိုးခံစားခွင့်မှ ထုတ်နုတ်သွားမည်။ ထိုငွေများသည် ပြည်နယ်ဆိုင်ရာနှင့် အစိုးရအတွက် အခွန်ဖြစ်သည်။

**မိမိအနေဖြင့် အပတ်စဉ် အကျိုးခံစားခွင့်ရရန် အမြဲစာရင်းတင်ပြရမည်လား။**

တင်ပြရပါမည်။ သင့်အနေဖြင့် အပတ်စဉ် ရလိုသည့် PUAအကျိုး ခံစားခွင့်များကို ရနိုင်ရန် တင်ပြသွားရမည်။

- သင့်အနေဖြင့် အရင်ပတ်မှ အပတ်စဉ်စာရင်းကိုတင်ပြမည်သည် ဆိုပါစို့(ဥပမာ ပြေ ၁၂ ရက်တွင် အပတ်စဉ်ရယူမှုစာရင်းသည် ပြေ ၅ မှ ၁၁ ရက်အတွင်းမှ တောင်းခံထားသော စာရင်းကို တင်ပြခြင်း ဖြစ်သည်)။ သင်အနေဖြင့် ထိုသို့ပြုလုပ်ခြင်းဖြင့် သင့်သည် ထိုအပတ်က အလုပ်ထုတ်ခံရသည် (သို့) ယာယီ အလုပ်ထုတ်ခြင်း ခံရသည် ဖော်ပြ ထားခြင်းဖြစ်သည်။

- သင့်အပတ်စဉ်တောင်းခံမှုသည် သောကြာနေ့ ညနေ ၄ နာရီထက်နောက်မကျပဲ တင်ပြရမည်။ (ဥပမာ။ သင်သည် ဧပြီ ၅ မှ ၁၁ ရက်အတွင်း အလုပ်ထုတ်ခြင်းခံရသည် ဆိုပါစို့။ သင့်တောင်းခံမှုသည် ဧပြီ ၁၂ မှစပြီး တောင်းခံနိုင်ပြီး ဧပြီ ၁၇ ရက် ညနေ ၄နာရီတွင် နောက်ဆုံးထားတောင်းခံရမည်။
- သင့်အနေဖြင့် တောင်းခံလွှာတွင် အလုပ်ချိန်နှင့် လုပ်ခကို မည်သည့်အချိန်ရမည်ဖြစ်စေ ထည့်သွင်းရမည်ဖြစ်စေ ထည့်သွင်းရမည်။ ထိုအရာများမပါခဲ့က သင့်ကို ငွေပေးမှုများ နောက်ကျခြင်း (သို့) ထို ငွေတောင်းခံမှုများကို မပေးတော့ခြင်းများ ဖြစ်လာနိုင်သည်။

## မိမိအနေဖြင့် အကျိုးခံစားခွင့်မှ ပြည်နယ်ဆိုင်ရာနှင့် အစိုးရအတွက် အခွန်ပေးရမည်လား။

ပေးဆောင်ရပါမည်။ သင့်အနေဖြင့် အကျိုးခံစားခွင့် တင်သွင်းရာတွင် အခွန်ပေး၊မပေးကို ရွေးခွင့်ရသော်လည်း အကျိုးခံစားခွင့်အားလုံးအတွက် ပြည်နယ်ဆိုင်ရာနှင့် အစိုးရအတွက် အခွန်ပေးရမည်။

## မိမိသည် မည်သည့်အချိန်တွင် အကျိုးခံစားခွင့် ငွေကြေးကို ရမည်နည်း။

သင့်အနေဖြင့် ကနဦးအလုပ်ထွက်ခြင်းလျှောက်လွှာ(PUAလျှောက်လွှာ)ကို တင်သွင်းပြီး သင့်ပထမဆုံး အပတ်စဉ်ရပိုင်ခွင့်ကို ယူပြီးပါက သင့်အကျိုးခံစားခွင့်ကို သုံးရက်အတွင်းရမည်။ သင့်ငွေချေစနစ်ကို တိုက်ရိုက် ငွေပေးသွင်းမှု (သို့) စာချုပ်မှ တဆင့် (တိုက်ရိုက် ငွေပေးသွင်းမှုစနစ်သည် ပိုမြန်ပါသည်) ကြိုက်ရာ ရွေးချယ်ခွင့်ရှိသည်။